**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၄/၂၀၀၅ )

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

( ၂၀၀၅ ခုနှစ်၊ မေလ ၁၁ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (စ)(၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) any person employed otherwise than by way of manual labour whose monthly wages exceed the amount prescribed by notification made by the Ministry of Labour with the approval the Government : or"

၃။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေတွင် ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) (၁)၌ ပါရှိသော "Ks.2,160 and Ks. 7,200" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (က)(၂)၌ ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) (၁) ၌ ပါရှိသော "Ks.3,024 and Ks.10,080 ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) (၂) ၌ ပါရှိသော "twelve hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁)၏ ခြွင်းချက်၌ပါရှိသော "one hundred kyasts" ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ "the

amount of compensation prescribed by notification made by the Ministry of Labour with the approval of the Government" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) (၂) ၌ ပါရှိသော "subject to a maximum of thirty kyats" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(၂) ၌ ပါရှိသော "ten kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၄) ၌ပါရှိသော "twenty five kyats'' ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (၁)၏ ပထမခြွင်းချက်၌ ပါရှိသော "three hundred kyats" ဆိုသည့် စကားရပ်ကိုလည်းကောင်း "the amount of money prescribed by notification made by the Ministry of Labour with the approval of the Government ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ၁၉၂၃ ခုနှစ်၊ အလုပ်သများလျော်ကြေးအက်ဥပဒေပုဒ်မ ၁၈-က၊ ပုဒ်မခွဲ(၁)၌ ပါရှိသော "shall be punishable with fine which may extend to one hundred kyats" ဆိုသည့် စကားရပ်ကို "shall be punishable with fine which may extend to kyats 10,000" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ